ကျွန်တော်မည်သို့ ကယ်တင်ခြင်းခံရပါမည်နည်း

ဤမေးခွန်းသည် ကျွန်ုပ်တို့အားလုံးအတွက် အလွန်အရေးကြီးသော အဓိကကျသည့်မေးခွန်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ကယ်တင်ခြင်းမခံရသောသူသည် ပျောက်ဆုံးသောသူဖြစ်၍၊ ထာဝရအပြစ် ဒဏ်ခံရမည်ဖြစ်၏။ ကယ်တင်ခြင်းခံရာနည်းလမ်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ ဖော်ပြထားပါသည်။ ကယ်တင်ခြင်းခံရခြင်းငှါ ပြုရမည့်အချက်ကို ရှင်းလင်းစွာဖော်ပြထားပါသည်။ အချုပ်အားဖြင့်ပြောရလျှင်၊ ကယ်တင် ခြင်းခံရခြင်းငှါ အချက်လေးချက်ရှိပါသည်။ ထိုအချက်တို့သည် အစဉ် အလိုက်ဖြစ်ပွားသည်ဟု မဆိုလိုပါ။ သို့သော်လည်း သမ္မာကျမ်းစာ လေ့လာချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။

၁။ မိမိ၏အပြစ်များကို ဝန်ခံပါ။
ကယ်တင်ခြင်းအမှန်တကယ်ရခြင်းငှါ ပြုကိုပြုရမည့်ပထမအချက်ဖြစ်ပါသည်။ မိမိအပြစ်များကို ဝန်မခံသောသူသည် ကယ်တင်ခြင်းခံရမည်မဟုတ်ပါ။ မာနထောင်လွှားခြင်းနှင့် အပြစ်ဖုံးကွယ်ခြင်းတို့က ကယ်တင်ခြင်းလမ်းစမမြင်နိုင်ခြင်းငှါ ဆီးတား တတ်ကြ၏။ ကျွန်တော်တို့သည် နှိမ့်ချသောသဘောရှိလျက်၊ မိမိအပြစ် တို့ကို သိမြင်ဝန်ခံရပါမည်။ ``လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။´´ ``ဖြောင့်မတ်သောသူမရှိ၊ တယောက်မျှမရှိ´´ (ရောမ ၂း၂၃၊ ၁၀)။ ကျွန်တော်လည်း ပါဝင်ပါ၏။ ကျွန်တော်သည်အပြစ်သားဖြစ်၍၊ ခရစ်တော်မပိုင်ဆိုင်ဘဲ သေဆုံးခဲ့ပါလျှင် အပယ်ငရဲ၌ ဘဝအဆုံးသတ်ရပါလိမ့်မည်အကြောင်းကို ကျွန်တော်အမှန်ဝန်ခံရပါမည်။

၂။ ခရစ်တော်သာလျှင် ကယ်တင်ရှင်ဖြစ်တော်မူကြောင်း ဝန်ခံပါ။ ဘုရားက သခင်ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ခန့်ထားတော်မူ၏။ ``ထိုသားသည် ခမည်းတော်ဘုရား၏ တံဆိပ်ခတ်ခြင်းကို ခံသောသူဖြစ်သည်´´ (ယောဟန် ၆း၂၇)။ ``ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ´´ (တမန် ၄း၁၂)။ ``ဘုရားတဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့်လူတို့၏ စပ်ကြားမှာ လူဖြစ်သောယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ် စွန့်တော်မူပြီ´´ (၂ တိ ၂း၅၊ ၆)။

ယောဟန် ၃း၁၇-၁၈၊ ``လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူ သည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်း သို့ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။ သားတော်ကို ယုံကြည် သောသူသည် အပြစ်စီရင်ခြင်းကို မခံရ၊ မယုံကြည်သောသူမူကား၊

ဘုရားသခင်၏တပါးတည်းသော သားတော်ကို မယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကို ခံရ၏။´´

၃။ နောင်တရပြီး ယေရှုအားမိမိ၏ကယ်တင်ရှင်သခင်အဖြစ် ယုံကြည် ပါ။ ``ထို့ကြောင့် ထာဝရဘုရားထံတော်မှ ချမ်းသေသာအချိန်ကာလ သည် ရောက်လာ၍ ...သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့´´ (တမန် ၃း၁၉-၂၀)။ ``ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏´´ (ယောဟန် ၁း၁၂)။ ``ငါအမှန်အကန်ဆိုသည်ကား ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောက်သောသူဖြစ်၏´´ (ယောဟန် ၅း၂၄)။

``သခင်ယေရှုကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူ အိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်´´ (တမန် ၁၆း၃၁)။

ကျွန်တော်တို့သည် ကယ်တင်ခြင်းခံရခြင်းငှါ တခြားသောသူမဟုတ်ဘဲ၊ ယေရှု၌သာ ယုံကြည်ခြင်းရှိကြရပါမည်။

၄။ သခင်ယေရှုကို ဝန်ခံပါ။ သူတပါးထံ ယေရှုအကြောင်း ပြောကြားပါ။ ``သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ခြင်းသို့ ရောက် ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏´´ (ရောမ ၁၀း၉-၁၁)။

``အကြင်သူသည် လူတို့ရှေ့မှာငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိ သော ငါ၏ခမည်းတော်ရှေ့မှ ထိုသူကို ငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါငြင်းပယ်မည်´´ (မဿဲ ၁၀း၃၂-၃၃)။

လူတို့ရှေ့၌ သခင်ယေရှုအား မိမိ၏ကယ်တင်ရှင်အဖြစ် ဝန်ခံခြင်းငှါ ကျွန်တော်တို့မရှက်သင့်ပါ။ သူတပါးထံ ခရစ်တော်သည် ကျွန်ုပ်တို့၏ တပါးတည်းသော ကယ်တင်ရှင်သခင်ဖြစ်တော်မူကြောင်း ပြောကြားခြင်းငှါ အကောင်းဆုံးသော နည်းလမ်းဟူမူကား ထိုသခင်ယေရှုကို နာခံ ခြင်းအားဖြင့် ရေဗတ္တိဇံမင်္ဂလာခံယူခြင်းပေတည်း။